
# ကြွေဖယောင်း

ဒေအခ



## အပိုင်း - ၁

ထင်းရှူးတန်းနဲ့ တောင်တန်းကြီးတွေ ဝေးလာသည်နှင့် ရင်ထဲမှာ မျက်ရည်မိုးတွေ ရွာသွန်း နေလေပြီ။ တွေ့ဆုံကြုံကွဲ လူ့သဘောကို နားလည်ထားပါ သော်လည်း အချိန်မတန်ခင် အခြေအနေကြောင့် ခွဲခွာခဲ့ရတော့ ရင်ထဲက မျက်ရည်မိုးက မတိတ်နိုင်တော့ပေ။ နှုတ်ဆက်ခဲ့ပါတယ် တောင်တန်းကြီးတွေရယ်။ ဂွတ်ဘိုင် ...

"နှစ်ဆယ့်တစ်မိုင်မှာ ခဏနားမယ်။ အပေ့ါအပါး သွားချင်ရင် အနောက်ဘက်မှာ သွားလို့ရတယ်။ ဆိုင်တွေမှာ အနားယူလို့ရတယ်"

ကားသမားရဲ့ အသံက ဆူဆူလောင်လောင် ထွက်လာတော့မှ ဘေးဘီဝဲယာ ကြည့်လိုက်တော့ နှစ်ဆယ့်တစ်မိုင် ရောက်တော့မည်။ လွယ်အိတ်ကို အဆင်သင့် လွယ်ထားလိုက်ပြီး ကားရပ်တာနဲ့ ဆင်းဖို့ ပြင်ထားလိုက်သည်။

"ကဲ ... ကဲ ... ဆင်းလို့ရပြီ"

ဒုတိယအကြိမ် ကားသမားရဲ့ အသံအဆုံးမှာတော့ နန်းရွှေဆက် ကားပေါ်မှဆင်းကာ ဆိုင်လေးထဲ ဝင်သွားလိုက်သည်။ ဆိုင်ထဲမှာ မုန့်စားရင်း ရှေ့မှာ ချထားသည့် ပဲစိမ်းကြော်ထုပ်လေး တွေကို ငေးမိသွားသည်။ သူများတွေ အမြင်မှာ သာမန် ပဲစိမ်းကြော် ဖြစ်နေနိုင်သည်။ သို့သော် ရွှေဆက် အတွက်တော့ အမှတ်တရများစွာ ရှိခဲ့ဖူး၏။ မန္တလေးကိုသွားပြီး ပြန်လာပြီဆို ဒီနေရာလေးက ပဲစိမ်းကြော်ကို အမြဲဝယ်ပြီးမှ အိမ်ပြန်ခဲ့သည်။ အထုပ်ကြီးတစ်ထုပ်မှာ အထုပ်သေးလေးတွေ ဆယ်ထုပ် ပါသည်မို့ ကလေးတွေတွက် အဆင်ပြေ၏။ မောင်နှမများသည့် ရွှေဆက်တို့အဖို့ ပဲစိမ်းကြော်လေးက

အသင့်တော်ဆုံး လက်ဆောင်မုန့် ဖြစ်ခဲ့သည်။

"လူစုံရင် ကားပြန်ထွက်မယ်ဟေ့ ... "

တတိယအကြိမ် ကားသမားရဲ့ အသံကြောင့် ရွှေဆက် စားလက်စမုန့်ကို ထားရစ်ကာ ကားဆီ မြန်မြန် ထွက်လာလိုက်သည်။

"ဒုန်း ... အား ... "

မြန်မြန် ထွက်လာတာကြောင့် ရှေ့ဆုံးခုံရောက်တော့ ဝင်တိုက်မိကုန်၏။ ရွှေဆက် ဝင်တိုက် လိုက်သည့် အရှိန်ကြောင့် စားပွဲမှာ လက်ဖက်ရည် သောက်နေသည့်လူပေါ် လက်ဖက်ရည်တွေ မှောက်ကျ ကုန်လေသည်။

တောက်ခေါက်သံ ခပ်ပြင်းပြင်း ကြားလိုက်ရသော်လည်း ရွှေဆက် လှည့် မကြည့်မိပါ။ ကားနောက်ကျလျှင် မလွယ်သည်မို့ ကားဆီရောက်အောင်သာ အရင်ပြေးရတော့သည်။

***

"တောက် ... ဟာ ..."

လက်ဖက်ရည် ပေနေသည့် အင်္ကျီကို ကြည့်လျက် ရှိန် တောက်ခေါက်နေမိသည်။ ပို၍ ဒေါသထွက်သည်က အစောက မိန်းကလေးပင်။ ကိုယ့်အမှားအတွက် တောင်းပန်ရကောင်းမှန်း မသိ လှစ်ခနဲ ပြေးထွက်သွားခြင်းပင်။ လူပုံစံက ရိုးမလိုလိုနှင့် အကျင့်မကောင်းသည့် ဒီမိန်းကလေးကိုတော့ ရှိန် တော်တော် ချဉ်သွားမိသည်။

"ရှိန် ... မင်းကလည်းကွာ။ ဒေါသထွက်နေမယ့်အစား ကားပေါ်မှာပါလာတဲ့ အင်္ကျီကို အရင် လဲလိုက်။ ခရီးက ဆက်သွားရဦးမှာ ရွာရောက်ဖို့ဆို တော်တော်လိုဦးမယ်။ အခုမှ နှစ်ဆယ့်တစ်မိုင်ပဲ ရှိသေးတယ်"

"တကယ် စိတ်ရှုပ်ဖို့ကောင်းတယ်ကွာ။ အစောကြီးထဲက ဒီကို မလာချင်

တာ။ အခုထိ မင်းပြောတဲ့ရွာ မရောက်သေးဘူး"

"ရွာရောက်ဖို့ နေနေသာသာ ပြင်ဦးလွင်ရောက်အောင် အရင်သွားရဦးမယ်။ မြန်မြန်လဲ"

ခန့်လူ ပြောလိုက်တော့မှ ရှိန် အကျိုမြန်မြန်လဲပြီး ကားထဲဝင်လာခဲ့သည်။ တဖြည်းဖြည်း ကားလေး မောင်းလာလိုက်ရာ ပြင်ဦးလွင်မြို့ထဲသို့ ဝင်လာလေသည်။ ဈေးကြီးထဲကို ဖြတ်၍ သွားမည့်ရွာကို မောင်းလာခဲ့ရာ ဆယ့်တစ်နာရီလောက်မှာ ရောက်လေသည်။ ရွာရောက်တော့ ကိုယ်ရှာနေသည့် အိမ်ကလေးကို ကြည့်လိုက်ရာ ဝါးလှေကားလေး ထောင်ကာ သက်ကယ်မိုးထားသည့် အိမ်ကလေးပင်။ သက်ပြင်းချကာ ...

"အိမ်ရှင်တို့ ... အိမ်ရှင်တို့ ..."

အိမ်ကိုကြည့်လျက် လှမ်းအော် ခေါ်လိုက်သည်။

"ဝေ့. ... ဘယ်သူတုံး ..."

စကားသံ ခပ်ဝဲဝဲနှင့် အမျိုးသမီးကြီး အသံပြုလျက် ထွက်လာလေသည်။

"ရန်ကုန်က ဦးစက်ပိုင် လွှတ်လိုက်တဲ့သူပါ။ ဒါကသူ့သား ... နေစဲရှိန်"

"ဟေ ... ရန်ကုန်က ဟုတ်လား။ လာ ... လာ ... အပေါ်တက်"

"ဟုတ်ကဲ့"

ခန့်လူ ဖြေနေသော်လည်း နေစဲရှိန်က အေးဆေးပင်။

"သြော် ... ဒုက္ခပဲ ... ပါပဲကွယ်"

"ဘာဖြစ်လို့လဲ ခင်ဗျ"

"အဒေါ်လည်း မင်းတို့ညီမကို ပီစက်ပိုင်ဆီ လွှတ်လိုက်ပြီကွယ်။ ဒီနေ့ပဲ လုံမက တောင်အောက် ဆင်းသွားပြီကွယ် ..."

"ဗျာ ... ဒါဆို ကျွန်တော်တို့ လာခေါ်တဲ့ မိန်းကလေးက ဒီမှာ မရှိဘူးပေ့ါ"

"အေးပေ့ါကွယ် ..."

ခန့်လူ အဒေါ်ကြီးနဲ့ စကား ပြောနေသည်ကို နေစဲရှိန်က ပြုံးလျက် နားထောင်နေလေသည်။ အစတည်းက မလာချင်တဲ့ခရီး။ အခုတော့ လူပိုမပါဘဲ နှစ်ယောက်တည်း ပြန်ရတော့မည်။ အဒေါ်ကြီး ကတော့ မျက်နှာပျက်လျက် ဖြစ်နေရှာသည်။ ပြန်ခါနီးကြမှ မှာလိုက်သေးသည်။

"ပီစက်ပိုင်ကို ပြောပေးပါကွယ်... ရွှေဆက်လေးကို အခုလို ကမ်းလှမ်းပေးတဲ့ အတွက် ကျေးဇူးလည်း တင်ပါတယ်လို့နော် ... အဒေါ်တို့ မိသားစုလည်း ရန်ကုန်လိုက်လာဖို့ အဆင်မပြေ တာကြောင့် နားလည်ပေးပါလို့နော် ... ရွှေဆက်လေးကိုလည်း ဂရုစိုက်ပေးကြပါနော့် ..."

ဘယ်သူ့ကို ပြောတာရယ်လို့ မဟုတ်ပဲ အဒေါ်ကြီးက ခန့်လူနဲ့ နေစဲရှိန်ကို တစ်လှည့်စီ ကြည့်ကာ မှာနေလေသည်။ ကတိတွေ သေချာပေး၍ မှာတာတွေ လုပ်ပေးပါမယ်ဟု မပြောသော်လည်း နှစ်ယောက်လုံး ခေါင်းညိတ်ခဲ့လိုက်သည်။

***

"ခန့်လူ ပြင်ဦးလွင် ပြန်ရောက်ရင် ခဏနားရအောင်"

"ဟာ ... ဘယ်ဖြစ်မှာလဲ ငါတို့ မြန်မြန်ပြန်မှ ဟိုမိန်းကလေးနဲ့ ရှေ့နောက်ရောက်မှာပေ့ါ။ နားမနေပါနဲ့တော့ ရှိန်ရာ။ အခုလည်း တောင်တန်းတွေ ပန်းပင်တွေ ကြည့်လာလို့ ရနေတာပဲကွာ ... ကဲ ... ဘေးကိုကြည့်လိုက်"

ခန့်လူပြောလို့ ဘေးကိုကြည့်လိုက်ရာ။ လှလိုက်လေခြင်း။ ထင်းရှူးတောတန်းကြီးနဲ့ မက်မန်းပင်တွေ အပြည့် ရှိနေလေသည်။ ရွာထဲမှ ပြန်ထွက်လာပြီး ပြင်ဦးလွင်မြို့ပေါ် မရောက်ခင် စပ်ကြားလေးမှာ ရှိနေလေသည်။ ကား

မှန်ကိုချကာ လက်တစ်ဖက်ကို အပြင်ထုတ်၍ မျက်လုံး အစုံတို့ကို မှိတ်ချကာ လတ်ဆတ်တဲ့လေကို တဝကြီး ရှူပစ်လိုက်သည်။ ရန်ကုန်မှာ ရဖို့ မလွယ်သည့် ဒီလိုလေကို တဝကြီး ရှူလိုက်ရသည်မို့ စိတ်ထဲ လန်းဆန်းသွား၏။

"ရှိန် ... လက်ကို ကားထဲ ပြန်ထည့်ထားပါကွာ။ ဒီဘက်ကို မိုင်းကားတွေ မြေကြီးကားတွေ လာတတ်တယ်။ လက်နဲ့ ငြိသွားမယ်"

ခန့်လူ သတိပေးနေသော်လည်း ရှိန်က ဂရုမစိုက်။ ယာဉ်စည်းကမ်း မသိတာ မဟုတ်သော်လည်း အခုလိုရတဲ့ အချိန်လေးမှာ လွတ်လွတ်လပ်လပ် ခံစားလိုခြင်းပင်။

"ရှိန် ... "

နေစဲရှိန် ပြန်မထူး သို့သော် နားထောင်နေမှန်း သိ၍ ဆက်ပြောလေသည်။

"ဦးလေးက ဒီမိန်းကလေးကို ဘာလို့ လာခေါ်ခိုင်းတာလဲ ဆိုတာ မင်းသိလား။ ဦးလေး ဘာမှ မပြောလိုက်ပေမဲ့ ငါ့စိတ်အထင်တော့ ... "

"ငါနဲ့ပေးစားဖို့လို့ ထင်တာလား ..."

ရုတ်တရက် ရှိန် မေးလိုက်တာကြောင့် ခန့်လူ ခေါင်းလေးညိတ်လိုက်သည်။ ရှိန်ကတော့ ခန့်လူကို ကြည့်၍ ပြုံးသာနေလေသည်။

***

ရန်ကုန် ဘူတာကြီးထဲမှာ ခြေထောက်စုံရပ်လျက် သွားဖို့ကို ဝန်လေးနေမိသည်။ ရန်ကုန်ကို ရောက်ပြီဆိုတာနဲ့ ရင်တွေခုန်တာ မြန်လာလေသည်။ တစ်ခါမှ မရောက်ဖူးတာကြောင့် မြင်သမျှ ဆန်းပြားလျက် တစ်ယောက်တည်း ရှေ့ဆက်ဖို့ ခွန်အားမဲ့နေလေသည်။ အိတ်ထဲမှာ ထည့်ထားသည့် လိပ်စာကတ်လေး ကိုလည်း ပျောက်မသွားဖို့ စိုးရိမ်နေမိသည်။

လိပ်စာအတိုင်း ဘယ်လိုသွားရမှန်း မသိတာကြောင့် ဒီတိုင်းပင် ရပ်နေမိသည်။ စိတ်ကိုတင်းလျက် တစ်စုံတစ်ယောက်ကို အကူအညီ တောင်းဖို့ ဆုံးဖြတ်ကာ ကွမ်းယာဆိုင်လေး တစ်ဆိုင်ဆီ ဝင်လိုက်၏။

"နောင့်ကိုလေ တစ်ခုလောက် ကူညီပါ ပီ"

အသံဝဲဝဲလေးနဲ့ စကားသံကြောင့် ကွမ်းယာနေသည့်လူ မော့ကြည့်လာလေသည်။ ကူညီပါ ဆိုသည့် စကားသံကိုသာ သေချာ ကြားလိုက်ရတာကြောင့် ...

"ဟုတ်ကဲ့ပြောပါ ..."

ပြောလိုက်သည်နှင့် ရွှေဆက် အိတ်ထဲက လိပ်စာကတ်လေး ထုတ်ပြကာ မေးလိုက်သည်။

"ဘယ်လို သွားရမလဲဟင် ..."

ကွမ်းယာ ရောင်းသည့် ကောင်လေးက ရွှေဆက်ကို မော့ကြည့်ကာ

"အစ်မ သွားရမယ့်နေရာက အင်းယားလမ်းမှာ။ ဒီကနေ ကားငှားသွားရင် ငါးထောင် လောက်တော့ ပေးရလိမ့်မယ်"

"အောခ ... ငိမ်းကျိုမ်းခ ... "

"ဗျာ ... "

*****

## အပိုင်း-၂

ရွှေဆက် ပြောလိုက်သည့် စကားကို ကွမ်းယာသည်လေးက မသိဖြစ်နေတာကြောင့် ဗျာ ... ခနဲ ဖြစ်သွားလေသည်။

"ကျေးဇူး တင်ပါတယ်ရှင့် ... "

"ဟုတ်ကဲ့ ရပါတယ်"

ရွှေဆက် ဗမာလို တစ်လုံးချင်း ပြောလိုက်မှ သဘော ပေါက်သွားလေသည်။ ဒါတောင် ဝဲနေသည့် အသံလေးကတော့ ပျောက်မသွားပေ။

လမ်းညွှန်လိုက်သည့် အတိုင်း ကားငှားကာ အင်းယားလမ်းသို့ သွားသည်။ တစ်ခါမှ မမြင် မတွေ့ဖူး၍ အရာအားလုံးဟာ အသစ်အဆန်းတွေ ဖြစ်လို့နေလေသည်။ အခုသွားနေသည့် လမ်းဟာ အင်းယားလမ်း ဟုတ်မဟုတ်လည်း သေချာမသိပါ။ ကားသမားကို လိပ်စာပြော၍သာ လိုက်ပို့ ခိုင်းခြင်းပင်။ ကားစီးနေသည်မှာ တစ်နာရီနီးပါးခန့် ကြာလာသည်မို့ ရွှေဆက် ကားသမားကို မေးလိုက်မိသည်။

"ရောက်ဖို့ တော်တော် လိုသေးလားဟင်"

"အင် ... ဟို ... ရောက်တော့ ရောက်ခါနီးပါပြီ"

ကားသမားအသံက တစ်မျိုးကြီး ဖြစ်နေတာကြောင့် ရွှေဆက် ရင်တွေ တုန်လာ၏။ တစ်ခုခုဆို ကားပေါ်ကနေလည်း ရွှေဆက် ခုန်မချရဲပါ။ တဖြည်းဖြည်းနဲ့ ကားက လမ်းရှင်းသည့် ဘက်သို့ မောင်းလာလေ ဘုရား တရလေ၏။

"ဟင် ... "

ကားကို ရပ်ပစ်လိုက်တာကြောင့် ရွှေဆက် မျက်လုံးပြူးသွားရသည်။ ဒီအချိန်မှာ ဘုရားတလည်း ထူးမည် မဟုတ်တော့မှန်း သိလိုက်ပြီ။ လွတ်အောင်ပြေးဖို့ တံခါးကို တွန်းလိုက်ချိန်မှာတော့ ...

"ဟင် ... "

သွားပြီ။ တံခါး ဖွင့်မရတော့ပေ။ ကားသမားရဲ့ မျက်လုံးတွေဟာ တဖြည်းဖြည်း နီရဲလာလျက် လိုချင်ရမ္မက်ကို ဖော်ညွှန်းနေလေသည်။ ရွှေဆက်ထိုင်သည့် အနောက်ခုံကို ကူးလာပေတော့မည်။ ရွှေဆက် ဘယ်လိုလုပ်ရမလဲ။

ထပြေးဖို့လည်း တံခါးမရှိ၊ အော်ဟစ် အကူအညီတောင်းဖို့ရာ ပတ်ဝန်းကျင်က တိတ်ဆိတ်လျက်။ ရွှေဆက်မှားပြီ အမှန်ဆို ဒီလမ်းကို စဝင်လာထဲက အော်ဟစ် အကူအညီ တောင်းခဲ့ရမှာ အခုတော့ ရွှေဆက်အော်လည်း ကူညီမဲ့သူမရှိပေ။ တဖြည်းဖြည်း လှည့်ကြည့်လာသည့် ကားသမားမျက်နှာကို သေချာ မြင်ရလာလေ ရွှေဆက် ချွေးပြန်လာလေ ဖြစ်နေ၏။ ထို့အတူ ခြေဖျားလက်ဖျားတို့ သည်လည်း အေးဆက်လျက် ...

***

"ခန့်လူ ... အဖေ့ကို မင်းသေချာ ပြောပြလိုက်တော့။ ငါ့ကို ခိုင်းတဲ့တိုင်း ငါသေချာ သွားခဲ့ ပြီးသွားပြီ။ အခု ငါလစ်ပြီ ... "

"နေပါဦး ရှိန်ရာ။ ဦးလေးမေးရင် ငါတစ်ယောက်တည်း ဘယ်လို ဖြေရမလဲကွာ။ ခဏတော့ အိမ်ကိုလိုက်ခဲ့ပါဦး"

"နိုးပဲ ... ငါခရီးထွက်နေတဲ့ အချိန်မှာ ဟိုကောင်တွေ ဇယား ရှော့နေလောက်ပြီ။ ငါလစ်မှ ဖြစ်မယ်။ ဘိုင့် ဘိုင့် ... "

အိမ်ပြန်သည့် လမ်းမှာ ဆင်းလိုက်ပြီး တိုးကြီးတို့အုပ်စု ခိုအောင်းနေကျ လမ်းထဲသို့ ဝင်လာ ခဲ့လိုက်သည်။ သိပ်ကြာကြာ မလျှောက်လိုက်ရပါ။ ကိုယ် ကျင်လည်နေကျ နေရာ ဖြစ်တာကြောင့် တိုးကြီးတို့ အုပ်စုနဲ့တွေ့၏။

"ရှိန် ... ဒီနေရာကို မင်းဘာလာ လုပ်တာလဲ။ ဒီနေရာက မင်းနဲ့ မဆိုင်တော့ဘူး။ မင်းလစ်တော့"

"သွားလို့ မောင်းထုတ်ရုံနဲ့ ထွက်သွားမဲ့ထဲမှာ နေစဲရှိန် ဆိုတာမပါဘူး။ မင်းတို့ ဘယ်ဇယား ရွှေ့နေတယ် ဆိုတာ ငါရိပ်မိတယ်။ မင်းတို့ထက် ခြေလှမ်းမစောဘဲ ဒီနေရာကို ရောက်လာမှာ မဟုတ်ဘူး ဆိုတာ မြဲမြဲမှတ်ထား။ အခုဘယ်မှာလည်း ငါ့လောင်းကြေး။ အားလုံး နှစ်ရာနော် ... "

ရှိန်က နှစ်ညှိုးလေးနှစ်ချောင်း ထောင်ကာ မျက်ခုံးပင့်လျက် ပြောလေသည်။ တစ်ဖက်အဖွဲ့က လူတွေ မျက်နှာပျက်လျက် ရှိနေကြလျှင် ...

"မင်းတို့အကြောင်း ငါသိတယ်။ ငါလိုချင်တာ ငါ့လောင်းကြေးငွေ။ အေးဆေးပြန်ပေး"

"မင်းရဲ့လောင်ကြေး ဟုတ်လား။ မင်းနိုင်မယ်လို့ ထင်နေတာလား။ အဲဒီနှစ်ရာက လောင်းကြေး ရှုံးသွားပြီ။ မင်းငွေတွေ အခုတစ်ပြားမှ မရှိတော့ဘူး မင်းလစ်လိုက်တော့ ... ရှိန်"

"မင်းရဲ့စကား သေချာပြီလား တိုးကြီး ..."

"တိုးကြီး ဆိုတဲ့ငါက စကားကို နှစ်ခါ မပြောတတ်ဘူး နေစဲရှိန် "

"ဒါဆိုလည်း နှစ်ခါပြောအောင် လုပ်ပေးရမှာပေါ့ ... ကဲကွာ ... ခွပ် ..."

"အင့် ... အား ... နေစဲရှိန် ... မင်း"

"ဒုတ် ... အား ... ကဲ ... ကွာ ... "

တိုးကြီးရဲ့ မျက်နှာ တည်တည့်သို့ လက်သီးဖြင့် ထိုးချလိုက်ရာ တစ်ဖက်က

မရှောင်နိုင်ဘဲ ထိကုန်၏။ တိုးကြီးနဲ့ ပါလာတဲ့ အုပ်စုလည်း ရှိန့်ကို ဝင်ကန်ကြရာ ရှိန် အရှောင်ကောင်း၍သာ မထိ။ ထိခဲ့လျှင်လည်း သက်သာမည် မဟုတ်။

အများနဲ့တစ်ယောက် ဖြစ်ကြရာ အရှောင်ကောင်းသော်လည်း အထိများ၏။ သို့သော် ရှိန်က လျင်လျင်မြန်မြန်ပင် တုံ့ပြန် ချလိုက်တာကြောင့် တစ်ဖက်အုပ်စု မခံနိုင်ပေ။ ရှိန် နီးစပ်ရာမှာ ရှိသည့် ကျောက်တုံးပဲ့ကြီးကြီးကို ကောက်ကိုင်ကာ တိုးကြီးရဲ့ ဦးခေါင်းတည့်တည့်သို့ ထုဖို့ရွယ်လိုက်ရာ ...

"ရှိန် ... မ ... မလုပ်ပါနဲ့ကွာ ... မင်း ... မင်းပိုက်ဆံတွေ ပြန်ပေးပ့ါမယ်"

"အဲဒီ စကားကို မင်းအစောကြီးထဲက ပြောရမှာ။ ကဲဘယ်မှာလဲ င့ါပိုက်ဆံတွေ ... "

"အခုတော့ ငါ ... ငါတို့မှာ မရှိသေးဘူး။ တစ်ပတ် အချိန်ပေးပါ။ ငါကျိန်းသေ ပြန်ပေးပ့ါမယ်"

"ကောင်းပြီ။ တစ်ပတ် အချိန်ပေးမယ်။ နောက်တစ်ခါ နေစဲရှိန် ဆိုတဲ့ကောင်ကို သွေးတိုး လာမစမ်းနဲ့။ ... ဒုတ် ..."

ရှိန်ပြောပြီးသည်နှင့် ရွယ်ထားသည့် လက်ကို ပြန်ချကာ ကျောက်တုံးကို လွှင့်ပစ် လိုက်လေသည်။ တိုးကြီးတို့အုပ်စု မခံထိမခံသာနှင့် ထပြန်သွားမှ ကိုယ့်မျက်နှာမှာ ရထားသည့် ဒဏ်ရာကို လက်ဖြင့် စမ်းလိုက်ရာ ...

"အား ... ကျွတ် ... "

ထိမိရုံနဲ့တင် နာသွားတာကြောင့် အံကြိတ်ထားလိုက်ရ၏။ လာရာလမ်းတိုင်း ပြန်မထွက် တော့ဘဲ အရှေ့လမ်းကြားကိုသာ တည့်တည့်လျှောက်လာ

ပြီး ပြန်ထွက်ဖို့ တွေးမိလိုက်သည်။ လူလည်း ရှင်းတော့ ကိုယ့်မျက်နှာလည်း လူတကာ ငေးတော့မည်မဟုတ်။ ချောလွန်းလို့ ငေးမှာတော့မဟုတ်။ ဒဏ်ရာပေါင်း များစွာနဲ့ အခွက်မို့ စပ်စုတဲ့လူ တွေငေးမည်သာ။ သည်တော့ ဒီလမ်းကြားဟာ ပြန်ဖို့ အကောင်းဆုံး ဖြတ်လမ်းပင်။

***

"စွယ့်အင့်နိမ့်ခ့ါ ... စွယ့်အင့်နိမ့်ခ့ါ ... စွယ့်အင့်နိမ့်ခ့ါ ... "

ကားနောက်ခန်းကို ရောက်လာသည့် ကားသမားကြောင့် ရွှေဆက် တုန်လှုပ်စွာ အော်ဟစ် မိလိုက်သည်။ ကားမှန်မှ တစ်ဆင့် ဘေးဘီကို ကြည့် လိုက်တော့လည်း လူရိပ်တောင် မတွေ့ရပေ။

"ဟိတ် ... အော်မနေနဲ့ ... မင်းပါးစပ်ပိတ်ထား။ မင်းအော်လည်း ဘယ် သူမှသိမှာ မဟုတ်ဘူး"

"နောင့် ခေါင်းပန်ခ့ါ ပီ ... အဟင့် ... ဟင့်. ဟင့် "

ရွှေဆက်အတွက် ကူမည့်သူ မဲ့ပြီမို့ မျက်ရည်တို့ ရစ်ဝဲလျက် ကားသမားကို သနားခံ တောင်းပန်သော်လည်း မိတ်ငါး ပြန်လွတ်မည့် အနေထားမရှိပေ။

"မင်းကိုမြင်ထဲက ရန်ကုန်က မဟုတ်မှန်း သိပြီးသားကွ။ ဟင့် ဟင့် ... မင်းကြည့်ရတာ တိုင်းရင်းသူ ထင်တယ်။ မင်းပြောတာ ငါဘာမှမသိဘူး ငါ သိတာ မင်းရဲ့အလှပဲ ... ဟား ... ဟား ဟား ... "

"သောင်းပန်ပါတယ်..ပီ ... နောင့် ... ကို သနားပါရှင်။ အဟီ ... ဟင့်..ဟင့် ဟင ... နောင့်ကိုဘာမှ မလုပ်ပါနဲ့နော့် ... "

ရွှေဆက် ကိုယ်လုံးလေး ကားမှန်ကို ကျောထောင့်ကပ်ကာ တောင်းပန်နေ လေသည်။ ကားသမား ကတော့ အသံဝဲဝဲလေးနှင့် တောင်းပန်ရှာသည့် ရွှေ ဆက်ကို လွှတ်ပေးဖို့ နေနေသာ ပို၍ သဘောခွေ့ကာ ပိုပြီး ရဲတင်း လာလေ

သည်။

ရွှေဆက်၏ လက်မောင်းတို့ကို ဆုပ်ကိုင်ကာ သူ့ရင်ခွင်ထဲသို့ ဆွဲသွင်း၏။ သန်မာတဲ့ ယောက်ျား တစ်ယောက်ရဲ့ လက်ဟာ ရွှေဆက်ရဲ့ လက်မောင်းသားတို့ကို နီကိုင်း စေလေသည်။ နာကျင်သော်လည်း ဘဝပျက်မည့်အရေး လွတ်မြောက်ဖို့ ရှိသမျှခွန်အားနဲ့ ရုန်းကာ တွန်းထုတ်လိုက်၏။ ကားသမားနောက်သို့ ယိုင်သွားချိန်မှာ ကားမှန်တံခါးကို လက်နှစ်ဖက်ဖြင့် စုံရိုက်ကာ အပြင်မှ အကူအညီကို တောင်းခံနေမိသည်။ လက်ဖဝါးတွေ နီရဲကာ စုတ်ပြတ်သတ်သည်ထိ မနားတမ်း ထုရိုက်ကာ အသံကို အစွမ်းကုန်အော်လျက် အကူအညီ တောင်းခံနေသော်လည်း အရိပ်အယောင်ပင် မတွေ့ရပေ။ မျက်ရည်တို့က ခွန်အားကို ကျဆင်း စေသည်လား မသိ မျက်ရည်တို့ မနားတမ်း ကျလာလျှင် ရွှေဆက်ရဲ့ ခွန်အားတွေလည်း လျော့လာလေသည်။

"ဟား ... ဟား ... ဟာ ... မင်းအော်မယ်ဆို ဆက်အော်လေ။ ဟား ... ဟား ... ဟား ... "

"ဟင့် ... ဟင် ... ကယ်ကြပါ ... . စွယ့်အင့်နိမ့်ခါ ဟင့် ... ဟင့် ... ကယ်ကြပါ ..."

နောက်ဆုံးအနေနဲ့ ရွှေဆက် ကားမှန်ကို ရိုက်ကာ အကူအညီ တောင်းလိုက်မိသည်။ ဆက်ပြီး အကူအညီ တောင်းခံဖို့ရာ ခွန်အားတို့ မရှိတော့ပေ။ ကားသမား ယုတ်မာတာကို ခံရမည်ထက် ရွှေဆက် ကိုယ့်ကိုယ်ကိုယ် သတ်သေ ပစ်လိုက်ဖို့သာ ဆုံးဖြတ်လိုက်၏။ ထို့အတူ ရွှေဆက်၏ ဦးခေါင်းသည်လည်း ကားမှန်နှင့် မိတ်ဆက် ဖြစ်သွားလေသည်။

"အား ... "

***

သတိဝင်လာသည်နှင့် နားထဲသို့ အသံတွေ ဝင်ရောက်လာလေသည်။ တိုးတိုးလေး ပြောနေသည့် အသံမဟုတ်။ သာမန် လေသံဖြင့်သာ ပြောနေကြသည့် အသံမျိုးပင်။

"ဒီတစ်ယောက် ကိစ္စကို ရှင်းရမယ်။ တိုးကြီးတို့နဲ့လည်း ရှင်းရမှာတွေ ကျန်သေးတယ်။ နောက်မှ ပြန်လာခဲ့မယ်"

" ... .. "

"နောက်မှ ပြန်ဆက်လိုက်မယ်။ ငါလည်း တစ်ကိုယ်လုံး ရစရာ မရှိတော့ဘူး။ ရေမိုး ချိုးလိုက်ဦးမယ်"

စကားပြောသံ တိတ်သွားချိန်မှာတော့ တစ်နေရာကနေ ရေကျသံတွေ ကြားလိုက်ရသည်။ နောက်မှ ကိုယ့်အဖြစ်ကို သတိရသွားသည်။

ရွှေဆက် လှဲနေသည့် အိပ်ရာကို စမ်းကြည့်လိုက်ရာ နူးညံ့အိစက်နေလေသည်။

ကားသမား၏ လက်စာများ မိခဲ့လေပြီလား။ ဒီနေရာကို ဘယ်လို ရောက်ခဲ့တာလဲ။ စဉ်းစား မိသည်က နောက်ဆုံးရွှေဆက် ကားမှန်ကို ခေါင်းနဲ့ တိုက်ပစ်ခဲ့ခြင်းပင်။ ကျန်တာတော့ မမှတ်မိတော့ပေ။ ခေါင်းကို စမ်းကြည့်လိုက်တော့ ပတ်တီး စည်းထားလေသည်။

"ကျွီ. ... "

တံခါး ပွင့်သွားသည့် အသံကြောင့် မော့ကြည့်လိုက်ရာ ဂျင်းဘောင်းဘီအရှည်နဲ့ စွပ်ကျယ်လက်ပြတ် ဝတ်ထားသည့် ယောကျ်ားတစ်ယောက် ဝင်လာလေသည်။ ထိုလူက ရေစိုနေသည့် ဦးခေါင်းကို ငုံ့ကာ တဘက်ဖြင့် သုတ်ကာ ဝင်လာတာကြောင့် မျက်နှာကို မမြင်ရပေ။ ယောကျ်ား တစ်ယောက် ဝင်လာသည် ဟူသော အသိကြောင့် အိပ်ရာပေါ် ဆတ်ခနဲ ထထိုင်

လိုက်မိ၏။ သည်တော့မှ ထိုလူက မော့ကြည့်ကာ ...

"သတိရလာပြီဆို ပြန်တော့ ... "

ဟုပြောကာ လှည့်ထွက်သွားလေသည်။ ထိုလူ့မျက်နှာဟာ ကားသမား တော့ မဟုတ်။ ဒါဆို သူက ရွှေဆက်ကို ကယ်ခဲ့တာများလား။ လှည့်ထွက် သွားသည့် သူ့နောက်ကို ပြေးလိုက်သွားကာ ...

"နောင့်ကို ပီ ကယ်ခဲ့တာလားဟင် ... "

"အမြင်မတော်လို့"

"ငိမ်းကျိုမ်းခ ... .. "

ရွှေဆက်ရဲ့ ကျေးဇူးတင်စကား အဆုံးမှာတော့ ရှိန် မျက်မှောင်ကြုတ်ကာ

"နောက်တစ်ခေါက် ပြန်ပြော ... "

"ကျေးဇူးတင်ပါတယ်ရှင်"

"မဟုတ်ဘူး။ ခုနကလို ပြန်ပြောခိုင်းတာ ... ပြောလေ ... "

"ငိမ်း.ကျိုမ်း.ခ ... "

"အဲဒါ ဘယ်ဘာသာ စကားလဲ ... "

"ရှ ... ရှမ်း ... ပါပီ"

ရွှေဆက်ရဲ့ အဖြေကြောင့် ရှိန် မျက်နှာမဲ့လိုက်၏။

"ဘာဖြစ်လို့လဲပီ"

"ဘာမှမဖြစ်ဘူး။ မင်းပြန်တော့"

"နောင့် ပြန်ပ့ါမယ်ပီ။ ဒါပေမဲ့လေ ပီ့ကို နည်းနည်းလောက်တော့ မေးပါ ရစေ"

ရှိန်က မေးငေ့ါပြ၏။ မေးလေဆိုသည့် စတိုင်ပင်။

"နောင့်ကို ဘယ်လို ကယ်ခဲ့တာလဲဟင်။ ပြီးတော့ ... နောင့်. နောင့်ကို ပီမြင်တဲ့ အချိန်မှာ ... ဟို ... ဟို ... "

ဒီကောင်မလေး မေးခွန်းကြောင့် သူ့ကို ကယ်ခဲ့တာကို မြင်ယောင်မိ။ ကိုယ်ရွေးချယ်ခဲ့သည့် လမ်းအတိုင်း လျှောက်လာရာ လူသူ တိတ်ဆတ်သည့် နေရာမှာ ကားတစ်စီးတည်း ရပ်ထားတာ မြင်၏။ အစကတော့ ဘာမှမထင်ခဲ့။ နောက်မှ ကားအနားက ဖြတ်လျှောက်ရာ ကားမှန်ကို ခေါင်းနဲ့ ပြေးဆောင့်သည့် ကောင်မလေးကြောင့် မသင်္ကာဖြစ်ကာ ပြေးသွားမိ၏။ ကားမှန်ကို ငုံ့ကြည့်ရာ ကားသမားရဲ့ မတော်မတရား ပြုတော့မည့် ပုံစံကြောင့် ကားမှန်ကို အုတ်ခဲနှင့်ထုခွဲကာ ခေါ်ထုတ် ခဲ့ရသည်။

"မင်းသတိမေ့နေတာ ဘာမှမဖြစ်ဘူး။ နောက်တစ်ခါ ဆိုရင်တော့ မင်းဘ၀ မင်းတွေး။ လူတွေကို ဘယ်တော့မှ လက်လွတ်စပယ် မယုံနဲ့"

"အောခ ... အဲ ... ဟုတ် ... ဟုတ်ကဲ့"

ပြောနေရင်း ရှမ်းစကား ပါသွားတာကြောင့် စကားကို အမြန်ပြန်ထိန်းလိုက်ရသည်။

ဒီကောင်မလေးရဲ့ ပုံစံကို ရှိန်ရင်းရင်းနှီးနှီး သိသလိုခံစားရ၏။ သို့သော်လည်း ဘယ်မှာ သိခဲ့မှန်းတော့ မသေချာပေ။

*****